ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်ကောင်စီ

အမိန့်အမှတ်( ၉၄ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်သူများနှင့် နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများ သိရှိလိုက်နာရန် အသိပေးကြေညာချက်

၁။ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ဒုတိယအပတ်အတွင်း ရခိုင်ပြည်နယ်၌ ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော COVID-19 ရောဂါ အတည်ပြုလူနာများ တွေ့ရှိခဲ့ရပြီး ၎င်းတို့မှ ဆင့်ပွားကူးစက်သူ အချို့သည်လည်း အခြားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိချက်အရ COVID-19ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်သူများနှင့် နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများအား စနစ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်သူများအားလည်းကောင်း၊ နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများအားလည်းကောင်း အောက်ပါအချက်များကို စိစစ်ဆောင်ရွက်ပြီးမှ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်လိုက်သည်-

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ လာရောက်သူများ**

(၁) မည်သည့်အကြောင်းကိစ္စဖြင့် လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာ မြို့နယ်/ ရပ်ကွက်/ ကျေးရွာများတွင် နေထိုင်ကြောင်း ထောက်ခံစာ ယူဆောင်လာစေရန်။

(၂) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သူများအနေဖြင့် တာဝန်ရှိသူများ၏ ခွင့်ပြုချက်မပါရှိဘဲ နေပြည်တော်သို့ လာရောက်ပါက သို့မဟုတ် နေပြည်တော်သို့ လာရောက်ရန် ခေါ်ယူကြောင်း အကြောင်းကြားစာအား ပြသနိုင်ခြင်းမရှိဘဲ နေပြည်တော်သို့ လာရောက်ပါက နေပြည်တော်ကောင်စီမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများတွင် (၁၄)ရက် နေထိုင်၍ Quarantine ကာလအတွင်း ခတ်ခွဲနမူနာ(၂)ကြိမ် ရယူစစ်ဆေးမှုကို ခံယူကာ ခတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (သို့မဟုတ်) Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်ပြီးမှသာ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ဝင်ရောက်ရန်။

(၃) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် နေပြည်တော်သို့ လာရောက်ရန် အကြောင်းကြားစာရရှိသည့်သူများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင်လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab)ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ဌာနများသို့ သွားရောက်ရန်။

(၄) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း ၎င်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် နေပြည်တော်သို့ လာရောက်လိုသော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်၍ Quarantine ဝင်ရောက်ရှိပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင်လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab)ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ဌာနများသို့ သွားရောက်ရန်။

(၅) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့ သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများ နေပြည်တော်ရှိ ၎င်းတို့နှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ရန် လာရောက်လိုပါက နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင်လည်းကောင်း၊ နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab)ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ဌာနများသို့ သွားရောက်ရန်။

(၆) ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်သော်လည်း ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ နေပြည်တော်သို့ လာရောက်လိုသူများ၊

ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်လိုသူများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် နေထိုင်၍ ရောက်ရှိသည့်နေ့နောက်တစ်ရက်တွင် နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာ(Swab) ရယူစစ်ဆေးမှုခံယူစေကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ ဌာန/ နေရာများသို့ သွားရောက်ရန်။

(၇) သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ချက်ချင်း ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကို ခံယူရန်။

(ခ) **နေပြည်တော်တွင် အခြေချနေထိုင်သူများ**

(၁) နေပြည်တော်သို့ ပြန်လည်ဝင်ရောက်ပါက မည်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့များသို့ သွားရောက်ခဲ့သည်ဆိုသည့် အထောက်အထား တင်ပြရန်။

(၂) မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း အထောက်အထားခိုင်လုံစွာ မတင်ပြနိုင်သူများ၊ Stay at Home သတ်မှတ်ထားသော မြို့နယ်များသို့ သွားရောက်ခဲ့ကြောင်း ခိုင်လုံသောအထောက်အထားတွေ့ရှိရလျှင် နေပြည်တော်ကောင်စီမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများတွင် (၁၄)ရက် နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ(၂)ကြိမ် ရယူစစ်ဆေးမှုကို ခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇)ရက်နေထိုင်ပြီးမှသာ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ဝင်ရောက်ရန်။

(၃) ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်သော်လည်း ရောဂါ ကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လာသူများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် နေထိုင်၍ ရောက်ရှိသည့်နေ့နောက် တစ်ရက်တွင် နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာ(Swab) ရယူစစ်ဆေးမှုခံယူပြီး ရောဂါမရှိကြောင်း အဖြေရရှိမှသာ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ဝင်ရောက်ရန်။

(၄) သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ချက်ချင်း ပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှုကို ခံယူရန်။

၃။ ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များမှဖြစ်စေ၊ ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်သော်လည်း ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှဖြစ်စေ၊ ရောဂါဖြစ်ပွားခြင်း မရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှဖြစ်စေ နေပြည်တော်သို့ လာရောက်သူများအနက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများ ရှိသဖြင့် နေပြည်တော်သို့လာရောက်ရန် အကြောင်းကြားစာရရှိသည့်သူများမှအပ မည်သူမဆို ဓါတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့်စရိတ်အား ကာယကံရှင်မှ ကျခံရမည်ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့လာရောက်သူများအနေဖြင့် မိမိတို့ လုပ်ငန်းတာဝန်ပြီးမြောက်သည်နှင့်နေရပ်သို့ ပြန်လည်ထွက်ခွာရေး လိုအပ်သည်များ ကြပ်မတ် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၅။ အထက်ပါကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်းတင်ပြရန် ငြင်းဆန်သူများ၊ နေရပ်လိပ်စာလည်ဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာအား မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကိုကြည်ဖြူစွာပူးပေါင်းဆောင်ရွက်ခြင်း မရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၅ အရ အရေးယူဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ရာ ဤအသိပေးကြေညာချက်အား ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ်အမိန့်တစ်စုံတစ်ရာမထုတ်ပြန်မီ အချိန်အထိ ဤအသိပေးကြေညာချက်သည် အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

စာအမှတ်၊ ၈ / ၁ - ၁( ၂၆၇ )/ ဦး ၃(COVID-19)

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်

**ဖြန့်ဝေခြင်း**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်အဆင့်ဌာနဆိုင်ရာများ(အားလုံး)

ခရိုင်စီမံခန့်ခွဲမှုကော်မတီများ(အားလုံး)
မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ(အားလုံး) } (အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်ရေး အသိပေး ကြေညာဆောင်ရွက်သွားရန်)

မိတ္တူကို

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဗိုလ်မှူးကြီးမင်းနောင်၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ

ဦးအောင်မြင်ထွန်း၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ

ဦးတင်ထွန်း၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ

ဦးအေးမောင်စိန်၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ

ဦးညီထွန်း၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ

လှည့်လည်စာတွဲ

ရုံးလက်ခံ